Message Four

# ရှင်သန်သော ဆက်နွှယ်မှုအတွက် အသင်းတော်များ၏ ပင်ကိုမူလဆိုင်ရာ မိတ်သဟာယဖွဲ့ခြင်း

ဖတ်ရန်ကျမ်း။ ။ ဗျာ၊၂၂း၁။ တ၊၂း၄၂။ ၁ကော၊၁၀း၁၆-၁၈။ ၂ကော၊၁၃း၁၄။ ဖိ၊၂း၁။ ၁ယော၊၁း၃၊ ၇

## I. ကျွန်ုပ်တို့သည် အသင်းတော်များ၏ ပင်ကိုမူလဆိုင်ရာ မိတ်သဟာယဖွဲ့ခြင်းကို မြင်၍ ထိုအထဲသို့ ဝင်ရောက်ရန် လိုအပ်သည်။

A. မိတ်သဟာယသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအားလုံး အတွင်းမှ၊ အားလုံးမှတစ်ဆင့်၊ အားလုံးအလယ်တွင် ထာဝရအသက်၏ စီးဆင်းခြင်းဖြစ်သည်။ ၎င်းကို ယေရုရှလင်မြို့သစ်တွင် ဘုရားသခင်နှင့် သိုးသငယ်၏ ပလ္လင်တော်မှ စီးထွက်သော အသက်ရေ၏ စီးဆင်းခြင်းအားဖြင့် သရုပ်ဖော်ပြသထားသည် - ဗျာ၊၂၂း၁။

B. လူသားကိုယ်ခန္ဓာ၌ သွေး၏ စီးဆင်းလည်ပတ်မှု ရှိသည့်နည်းတူ၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ သွေးလည်ပတ်စီးဆင်းမှု ရှိပြီး ယင်းကို ဓမ္မသစ်ကျမ်းက မိတ်သဟာယ ဟု ခေါ်ဆိုသည် - ၁ယော၊၁း၃၊ ၇။

C. ခရစ်တော်ကိုယ်ခန္ဓာတော်၏ မိတ်သဟာယ တည်းဟူသော အသင်းတော်များအလယ်ရှိ မိတ်သဟာယသည် တမန်တော်များ၏ မိတ်သဟာယဖြစ်သည် - တ၊၂း၄၂။ ၁ယော၊၁း၃။

1. မိတ်သဟာယသည် သွန်သင်ခြင်းမှ လာသည်။ ကျွန်ုပ်တို့သည် တမန်တော်များ၏ သွန်သင်ခြင်း၊ ဘုရားသခင့်စီမံကိန်း၏ သွန်သင်ခြင်းမှ လွဲမှားစွာနှင့် ခြားနားစွာ သွန်သင်မည်ဆိုလျှင် ကျွန်ုပ်တို့၏ သွန်သင်ခြင်းသည် ဂိုဏ်းကွဲခြင်း၊ ကွဲပြားစေသော မိတ်သဟာယကို ထွက်ပေါ်စေလိမ့်မည်ဖြစ်သည် - တ၊၂း၄၂။ ၁တိ၊၁း၃-၆။ ၆း၃-၄။ ၂ကော၊၃း၈-၉။ ၅း၁၈။
   a. သွန်သင်ခြင်းသည် မိတ်သဟာယကို ဖန်တီးပေးပြီး၊ မိတ်သဟာယသည် သွန်သင်ခြင်းမှ လာသည် - ၁ကော၊၄း၁၇။ ၁း၉။ ၁၀း၁၆။
   b. ယနေ့ သခင်ဘုရား၏ ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့သည် တမန်တော်များ၏ သွန်သင်ခြင်းအောက်၊ တမန်တော်များ၏ မိတ်သဟာယအောက်တွင် ရှိနေကြသည် - တ၊၂း၄၂။
2. တမန်တော်များ၏ မိတ်သဟာယ၌ သုံးပါးတစ်ပါးဘုရားနှင့်အတူ မိတ်သဟာယဖွဲ့ခြင်းမှာ ကျွန်ုပ်တို့၏ သီးသန့် စိတ်ဝင်စားမှုများကိုဘေးဖယ်ထားကာ၊ ဘုရားသခင်၏အကြံအစည်တော်ကို သယ်ဆောင်ခြင်းအတွက် တမန်တော်များနှင့် သုံးပါးတစ်ပါးဘုရားနှင့်အတူ ပေါင်းစည်းဆက်နွှယ်ခြင်း ဖြစ်သည် - ဖိ၊၄း၁၄။ ၂း၁။ တ၊၂း၄၂။ ၁ယော၊၁း၃။ ၁ကော၊၁း၉။၃း၆၊ ၁၂။

D. တစ်ခုတည်းသော ဘုရားဆိုင်ရာ မိတ်သဟာယသည် ဖောက်၍ရက်လုပ်သော မိတ်သဟာယဖြစ်သည် အလျားလိုက်ဖြစ်သော မိတ်သဟာယသည် ထောင်လိုက်ဖြစ်သည့် မိတ်သဟာယနှင့် ဖောက်၍ရက်လုပ်ထားသည်။

1. တမန်တော်များ၏ အစပျိုးအတွေ့အကြုံသည် ခမည်းတော်နှင့်လည်းကောင်း၊ သားတော် ယေရှုခရစ်နှင့်လည်းကောင်း ထောင်လိုက်ဖြစ်သည့် မိတ်သဟာယဖြစ်သည်၊ သို့သော် တမန်တော်များသည် ထာဝရအသက်ကို အခြားသူများထံ ကြားပြောသောအခါ သူတို့သည် ဘုရားဆိုင်ရာမိတ်သဟာယ၏ အလျားလိုက် သွင်ပြင်ကို တွေ့ကြုံခံစားကြသည် - ၁ယော၊ ၁း၂-၃။ ညွှန်း၊ တ၊၂း၄၂။
2. သန့်ရှင်းသူများနှင့် ကျွန်ုပ်တို့၏ အလျားလိုက်မိတ်သဟာယသည် သခင်ဘုရားနှင့်အတူ ထောင်လိုက်မိတ်သဟာယအထဲသို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်ပေးသည်။ ထိုအခါ သခင်ဘုရားနှင့် ကျွန်ုပ်တို့၏ထောင်လိုက် မိတ်သဟာယသည် သန့်ရှင်းသူများနှင့် အလျားလိုက်မိတ်သဟာယအထဲသို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်ပေးသည်။
   a. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာမိတ်သဟာယ၏ ထောင်လိုက်သွင်ပြင်အထဲသို့ ဘုရားဆိုင်ရာဝိညာဉ်တော်ဖြစ်သည့် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဝင်ရောက်ကြသည်။ ဤမိတ်သဟာယ၏ သွင်ပြင်သည် ကိုယ်တော်ကို ချစ်ခြင်း၌ သုံးပါးတစ်ပါးဘုရားနှင့်အတူ ကျွန်ုပ်တို့၏မိတ်သဟာယဖွဲ့ခြင်းကို ရည်ညွှန်းသည် - ၂ကော၊၁၃း၁၄။ ၁ယော၊၁း၃၊ ၆။ မာ၊၁၂း၃၀။
   b. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာမိတ်သဟာယ၏ အလျားလိုက်သွင်ပြင်အထဲသို့ လူသားဝိညာဉ်အားဖြင့် ဝင်ရောက်ကြသည်။ ဤမိတ်သဟာယ၏သွင်ပြင်သည် ကျွန်ုပ်တို့တစ်ယောက်ကိုတစ်ယောက် ချစ်ခြင်း၌ ကျွန်ုပ်တို့ဝိညာဉ်လေ့ကျင့်

ခြင်းအားဖြင့် အချင်းချင်းနှင့် ကျွန်ုပ်တို့မိတ်သဟာယဖွဲ့ခြင်းကို ရည်ညွှန်းသည် - ဖိ၂း၁။ ဗျာ၁း၁၀။ ၁ယော၁း၂-၃၊ ၇။ ၁ကော၁၆း၁၈။ မာ၁၂း၃၁။ ရော၁၃း၈-၁၀။ ဂလ၅း၁၃-၁၅။

3. ဤဘုရားဆိုင်ရာမိတ်သဟာယ၌ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ ဖောက်၍ရက်လုပ်ခြင်း ရှိသည်။ ဤရက်လုပ်ခြင်းမှာ ဘုရားသခင်နှင့် လူ၏ ရောနှောပေါင်းစည်းခြင်းဖြစ်ကာ၊ ဘုရားဆိုင်ရာစေ့စပ်ထုံးဖွဲ့မှုကို ကျွန်ုပ်တို့၏ကြီးထွားခြင်းနှင့် အသက်၌ ပုံသဏ္ဍာန်ပြောင်းလဲခြင်းအတွက် ကျွန်ုပ်တို့၏ဝိညာဉ်ဆိုင်ရာဖြစ်ခြင်းအထဲသို့ ယူဆောင်လာပေးသည် - ဝတ်၊ ၂း၄-၅။

E. ဘုရားဆိုင်ရာမိတ်သဟာယသည် ခရစ်ယာန်အသက်တာ၌ အရာခပ်သိမ်းဖြစ်သည်။
   1. လျှပ်စစ်ဓာတ်၏ စီးကြောင်းသည် လျှပ်စစ်ဓာတ်ကိုယ်တိုင်ဖြစ်သည့်နည်းတူ၊ ဘုရားဆိုင်ရာအသက်၏ မိတ်သဟာယ၊ ဘုရားဆိုင်ရာအအသက်၏ စီးဆင်းခြင်းသည် ဘုရားဆိုင်ရာအသက်ကိုယ်တိုင်ဖြစ်သည်။
   2. မိတ်သဟာယပျောက်ကွယ်သွားသောအခါ ဘုရားသခင်သည်လည်း ပျောက်ကွယ်သွားသည်။ ဘုရားသခင်သည် မိတ်သဟာယအဖြစ် ရောက်လာခြင်းဖြစ်သည် - ၂ကော၁၃း၁၄။ ဗျာ၂၂း၁။

II. **ကျွန်ုပ်တို့သည် အသင်းတော်များ၏ အသက်ဆိုင်ရာ ဆက်နွယ်မှုကို မြင်၍၊ ထိုအထဲသို့ ဝင်ရောက်သွားရန် လိုအပ်သည်။ ဤသည်မှာ တုနှိုင်းရာမဲ့သော အသင်းတော်(ဒေသန္တရအသင်းတော်များအားလုံးဖြင့် ပေါင်းစည်းထားသည့် စကြဝဠာဆိုင်ရာအသင်းတော်)၏ တုနှိုင်းရာမဲ့သော ဆက်နွယ်မှုဖြစ်သည်။ ၁ကောရိန္သု ၁၂း၂၈ ရှိ "အသင်းတော်"ဟူသည်မှာ စကြဝဠာဆိုင်ရာနှင့် ဒေသန္တရဆိုင်ရာ သွင်ပြင်နှစ်ခုလုံးရှိ အသင်းတော်ကို ရည်ညွှန်းခြင်းဖြစ်သည်။**

A. ဤအသက်ဆိုင်ရာ ဆက်နွယ်မှုသည် တုနှိုင်းရာမဲ့သော ရှင်သန်သော ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် ဒေသန္တရအသင်းတော်များအားလုံးအလယ်တွင် တုနှိုင်းရာမဲ့စွာနှင့် စကြဝဠာဆိုင်ရာ လက်တွေ့လုပ်ဆောင်ခြင်း ရှိနေသည် - ၂ကော၁၃း၁၄။ ၁ယော၁း၃၊ ၇။

B. ဒေသန္တရအသင်းတော်များအားလုံးသည် တစ်ပါးတည်းသော အသင်းတော်ဖြစ်သည်။ သူတို့၏ အသက်ဆိုင်ရာ ဆက်နွယ်မှုမှာ ဘုရားဆိုင်ရာအသက်၏ အသက်ဆိုင်ရာ မိတ်သဟာယအပေါ်တွင် အခြေတည်သည်။ ခရစ်တော်၏စကြဝဠာဆိုင်ရာ ကိုယ်ခန္ဓာတော်တစ်ပါးတည်းကို ပေါင်းစပ်ဖွဲ့စည်းထားသည့် အသင်းတော်များအားလုံးအလယ်၌ အဖွဲ့အစည်းတစ်ခုမျှမရှိဘဲ၊ ခရစ်တော်ကိုယ်ခန္ဓာတော်၏ မိတ်သဟာယဖွဲ့ခြင်းသာ ရှိသည် - ဖိ၁း၅။ ညွှန်း၊ ၉း၃၁။

C. ဒေသန္တရအသင်းတော်တစ်ခုရှိ အသင်းတော်သည် အခြားဒေသန္တရရှိ အသင်းတော်နှင့် ဘာမျှမသက်ဆိုင်ပါဟူသော စိတ်နေသဘောထားမျိုး မရှိသင့်ပါ။ ပင်ကိုမူလ မှားယွင်းနေသော သိမှတ်နားလည်ခြင်းနှင့် အသင်းတော်များ၏ ခွဲခြားစေသော၊ ကိုယ်ပိုင်အုပ်ချုပ်စီမံမှုဆိုင်ရာ ဆက်နွယ်မှု၏ ခြားနားသည့် သွန်သင်ခြင်းသည် ကျွန်ုပ်တို့အလယ်တွင် တည်ရှိနေခဲ့သည်။ ဤမှားယွင်းသော၊ ခြားနားသော သွန်သင်ခြင်းသည် ကွဲပြားခြင်းတစ်ခုပြီးနောက်တစ်ခုကို ဖြစ်ပေါ်စေသည်။

D. သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် ခရစ်တော်၌ ကိုယ်ခန္ဓာတော်တစ်ကိုယ်တည်းရှိကာ၊ များစွာသောဒေသများ၌ ဒေသန္တရအသင်းတော်များအဖြစ် ထင်ရှားသည်ဟူသော သမ္မာတရားအပေါ်တွင် အခြေတည်ထားသည်။ ဝိညာဉ်တော် တစ်ပါးတည်းသာရှိသောကြောင့် ကိုယ်ခန္ဓာတော်သည် တစ်ကိုယ်တည်းသာရှိ၍၊ ကိုယ်ခန္ဓာတော်၌ အသက်၏ သွေးလည်ပတ်စီးဆင်းမှု တစ်ခုတည်းသာ ရှိသည်။ ဤသွေးလည်ပတ်စီးဆင်းမှုသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ မိတ်သဟာယဖြစ်ပြီး၊ ယင်းမှာ အသင်းတော်များအလယ်ရှိ မိတ်သဟာယဖြစ်သည် - ဧ၁း၂၂-၂၃။ ၄း၄-၆။ ၁ယော၁း၃၊ ၇။ ဗျာ၁း၁၁။

E. ဒေသန္တရအသင်းတော်သည် ခရစ်တော်၏ တုနှိုင်းရာမဲ့သော ကိုယ်ခန္ဓာတော်၏ အစိတ်အပိုင်းဖြစ်ကာ၊ ကိုယ်ခန္ဓာတော်၏ မိတ်သဟာယသည် စကြဝဠာဆိုင်ရာတစ်ခုတည်းဖြစ်သည်။ ဘုရားဆိုင်ရာမိတ်သဟာယ၌ မည်သည့် ပိုင်းခြားခွဲထားခြင်းမျှ မရှိပါ - အငယ်၊၁၁။ ၂း၇က။
   1. မည်သည့်အသင်းတော်၊ မည်သည့် ဒေသမျှ ကိုယ်ခန္ဓာတော်၏ မိတ်သဟာယမှ မိမိကိုယ်ကို သီးခြားခွဲထားခြင်း မရှိသင့်ပါ၊ အသင်းတော် သို့မဟုတ် ဒေသတစ်ခုခုက မိမိကိုယ်ကို ခရစ်တော်ကိုယ်ခန္ဓာတော်၏ မိတ်သဟာယမှ သီးခြားခွဲထားခြင်း၏ ရလဒ်မှာ မှောင်မိုက်ဖြစ်ခြင်း၊ ရှုပ်ထွေးခြင်း၊ ကွဲပြားခြင်းနှင့် သေခြင်းဖြစ်သည်။

2. ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၏ မိတ်သဟာယမှ မိမိကိုယ်ကို သီးခြားခွဲထားမည်ဆိုလျှင်၊ ခရစ်တော်၏ညစာစားပွဲကို ယူဆောင်စားသုံးရန် အရည်အချင်းမပြည့်မီတော့ပါ၊ အကြောင်းမှာ သခင်ဘုရား၏ညစာစားပွဲရှိ စားပွဲပေါ်မှ မုန့်သည် ခရစ်တော်၏ကိုယ်ခန္ဓာတော် တစ်ခုလုံးကို ညွှန်ပြထားသောကြောင့်ဖြစ်သည် - ၁ကော၊၁၀း၁၆-၁၇။ ၁၁း၂၅-၂၈။

**III. ဘုရားဆိုင်ရာမိတ်သဟာယသည် ဝိညာဉ်တော်၏ တစ်လုံးတစ်ဝဖြစ်ခြင်း၌ ရှိသော ခရစ်တော်၏ကိုယ်ခန္ဓာတော်ရှိ အသက်ရှင်ခြင်း၏ စစ်မှန်ခြင်းဖြစ်သည် - ၁း၉။ ၁၀း၁၆-၁၈။ ၁၂း၁၂-၁၃၊ ၂၇။ တ၂း၄၂။ ဧ၄း၃။**

A. ဘုရားဆိုင်ရာမိတ်သဟာယသည် ကျွန်ုပ်တို့ကို ပေါင်းစည်းပေးသည်၊ တစ်နည်းအားဖြင့် ကျွန်ုပ်တို့ကို တစ်ပါးတည်းသော ကိုယ်ခန္ဓာတော်အထဲသို့ အတူတကွ ကိုက်ညှိပေးသည်၊ ညီညွတ်မျှတစေသည်၊ သင့်တင့်စေသည်၊ ရောနှောပေါင်းစည်းစေသည် - ၁ကော၊၁၀း၁၇။ ၁၂း၂၄-၂၅။

1. အတူတကွ ပေါင်းစည်းခြင်းမှာ ကားတိုင်ကို ဖြတ်ကျော်သွားရန်နှင့် ဝိညာဉ်တော်အားဖြင့် အရာခပ်သိမ်းကို လုပ်ဆောင်ခြင်းဖြစ်ကာ၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်အကျိုးအလို့ငှာ အခြားသူများအထဲသို့ ခရစ်တော်ကို ဝေငှဖြန့်ဖြူးခြင်း ဖြစ်သည် - ညွှန်း၊ ၂ရာ၊၁း၁၀။

2. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နှင့်အတူ ညှိနှိုင်းလုပ်ဆောင်နေသည့် အခြားသန့်ရှင်းသူများနှင့်အတူ မိတ်သဟာယဖွဲ့ခြင်း မရှိဘဲ မည်သည့်အရာကိုမျှ မလုပ်ဆောင်သင့်ပေ။ မိတ်သဟာယဖွဲ့ခြင်းသည် ကျွန်ုပ်တို့တစ်စုံတစ်ခု လုပ်ဆောင်တော့မည့်အခါ ကျွန်ုပ်တို့အား ရပ်တန့်စေရန် တောင်းဆိုနေသည် - ညွှန်း၊ ယေဇ၊၁း၁၁ခ-၁၄။

B. ဘုရားဆိုင်ရာမိတ်သဟာယ၌ ကန့်သတ်ခံရခြင်းအားဖြင့် ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် တစ်လုံးတစ်ဝဖြစ်ခြင်း၌ စောင့်ထိန်းခံရကာ၊ အမှုတော်၏အလုပ်သည် ရှေ့ဆက်သွားနိုင်သည်။ အရာခပ်သိမ်းကို ရှင်သန်စေသောအရာမှာ မိတ်သဟာယဖွဲ့ခြင်းဖြစ်သည် - ဧ၄း၁၁-၁၂။ ညွှန်း၊ ယေဇ၊၄၇း၉။

C. ကျွန်ုပ်တို့သည် ဒေသန္တရအသင်းတော်များအား ခရစ်တော်ကိုယ်ခန္ဓာတော်၏ မိတ်သဟာယဖွဲ့ခြင်းအထဲသို့ ခေါ်ဆောင်ရန် တမန်တော်ကို အတုယူရန် လိုအပ်ကာ၊ သန့်ရှင်းသူများအားလုံးကို ခရစ်တော်ကိုယ်ခန္ဓာတော်တစ်ခုလုံး၏ ပေါင်းစည်းခြင်းအသက်တာအထဲသို့ ခေါ်ဆောင်ခြင်းငှာ တမန်တော်၏ ခြေလှမ်းနောက်သို့ လိုက်ရမည်ဖြစ်သည် - ရော၊၁၄း၃။ ၁၅း၇-၉၊ ၂၅-၃၃။ အခန်း ၁၆။

D. ကျွန်ုပ်တို့သည် မိတ်သဟာယ၏ စစ်မှန်ခြင်းနှင့် ခရစ်တော်ကိုယ်ခန္ဓာတော်၏ ပေါင်းစည်းခြင်းရှိရန် လိုအပ်သည်။ ထိုသို့မဟုတ်ပါက၊ ကျွန်ုပ်တို့မည်မျှ ရှာဖွေဆည်းပူးပါစေ၊ ကျွန်ုပ်တို့မည်မျှ ရိုးသား၍ နှိမ့်ချနေပါစေ၊ အနေးနှင့်အမြန်ဆိုသလို ပြဿနာများသာမက ကွဲပြားခြင်းများသည် ကျွန်ုပ်တို့အလယ်တွင် ရှိလိမ့်မည်ဖြစ်သည်။

E. ပေါင်းစည်းခြင်း၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့အားလုံးကို ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းအထဲသို့ ခေါ်ဆောင်ပေးသည်။ ကျွန်ုပ်တို့သည် ဒေသန္တရအသင်းတော်များကို ရည်ရွယ်ချက်တစ်ခုအတွက် တန်ဖိုးထားကြသည်၊ ယင်းမှာ ကျွန်ုပ်တို့သည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းအထဲသို့ ခေါ်ဆောင်သွားမည့် ဖြစ်စဉ်နည်းလမ်းအဖြစ် ဒေသန္တရအသင်းတော်များ၌ ရှိရန် လိုအပ်သည်။

*© 2021 Living Stream Ministry*